စခန်းကြီးကျေးရွာ
ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စခန်းကြီးကျေးရွာ၊ ကလေးမြို့နယ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
၂၀၁၉ခုနှစ်၊ ဇွန်လ

မာတိကာ

စာမျက်နှာ

စကားချီး ၁

စခန်းကြီး ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၂

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၂-၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၃-၅

(က) လူဦးရေဆိုင်အရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ၆-၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၀

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၁
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၁၂
(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား(၆) ဥစ္စာဓနအခြေအနေ
ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စာ စားနိုင်သည့် အိမ်ထောင်စုများ
ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုပါဝင်ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း ထူထုအများစနစ်တကျပူးပေါင်း ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်ကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကွဲသို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်ဆင့်ဌာနနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမို ကောင်းမွန်လာမှ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရ ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိ နိုင်မည်ဟု ကျွန်ုပ် တို့ မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇွန်လ၊ ၂၀၁၉ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စခန်းကြီးကျေးရွာ
ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ် အသစ်ဖြစ်ကြောင်း သိရှိရ ပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲခဲ့ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိကြပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက် အကူဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်သောအချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထား ပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ထိုမျှမက ဦးစားပေးလုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သောအချက်များနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါ သည်။

-၃-

၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

စခန်းကြီးစံပြကျေးရွာသည် စစ်ကိုင်းတိုင်း ကလေးခရိုင်၊ကလေးမြို့နယ်တွင် ပါဝင်တည်ရှိပြီး ကလေးမြို့မှ မြောက်ဖက် (၁၅)ခန့်အကွာတွင် တည်ရှိပြီး နွေ၊မိုး၊ ဆောင်း သွားလာရလွယ်ကူသော ဆက်သွယ်ရေးလမ်းကောင်းမွန်ပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးများဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၃၀)အောက်ဖြစ်သည်။ နယ်မြေများမှာ အဓိကအားကိုးရသည့် ဆည်ရေမှာ တောင်ကျခုံးတည်ရေသောက်ဖြစ်ပြီး ရေများလုံလောက်မှုရှိ၍ စိုက်ပျိုးရေးသီးနှံများ ဖြစ်ထွန်းမှု ရှိပါသည်။ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်၍ လယ်မြေများမှာ စပါးအပြင် မြေပဲ၊ကုလားပဲ၊ နေကြာများ စိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

စခန်းကြီးစံပြကျေးရွာ၏ လယ်မြေများသည် တောင်ကျခုံးဆည်ရေသောက်များဖြစ်ကြပြီး မြေဆီမြေလွှာအသင့်အတင့် မျှတစွာ ကောင်းမွန်၍ အချို့သောလယ်မြေများတွင် စပါးပင်များရိတ်သိမ်းပြီးပါက မြေပဲ၊ ကုလားပဲ၊ နေကြာနှင့် ခရမ်းသီး၊ ခရမ်းချဉ်အပြင် ဟင်းချက်ဖွယ်စားသောက်ပင်များ စိုက်ပျိုးကြပါသည်။ကျေးရွာတွင် သဘာဝထွက်သယံဇာတပစ္စည်းများ မထွက် ရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ မထွက်ရှိပါ။ နွားစာများကို လယ်လုပ်ချိန်ယာမြေများတွင် နွားစားကျက်ပြုလုပ်၍ ယာလုပ်ချိန်တွင် လယ်ကန်စည်းမှ မြစ်များ ရိတ်ကျွေးခြင်း၊ ကောက်ရိုးများ စဉ်း၍ ကျွေးခြင်းနှင့် လယ်ယာများရိတ်သိမ်းပြီးပါက ၎င်းလယ်ယာမြေများတွင် လွှတ်ထားကြပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သဘာဝပေါက်တော တောတွင်းဆေးဘက်ဝင်အပင်သာရှိပြီးစီးပွားဖြစ် စိုက်ပျိုး ထားသော အပင်များမရှိပါ။ မိမိသုံး စိုက်ပျိုးထားသော အပင်များသာရှိပါသည်။

၃။ ကျေးရွာ၏လူထုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

စခန်းကြီးစံပြကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၀၉၂)စုရှိရာ ကျား(၂၆၃၉)ဦးနှင့် မ(၂၇၄၄)ဦး ရှိရာစုစုပေါင်းလူဦးရေမှာ (၅၃၈၃)ဦးရှိပါသည်။ တစ်အိမ်ထောင်ဖြင့် ပျမ်းမျှ (၄)ဦးနှုန်းရှိပါသည်။ ကျေးရွာ

တွင် မှီတင်းနေထိုင်ကြသူ အများစု မြန်မာ(ဗမာ)လူမျိုးအများစု နေထိုင်ကြပါသည်။ အလုပ်လုပ်နိုင်သည့် ဦးရေများပါသည်။ အမျိုးသမီးများမှာ အများအားဖြင့် ပေါ်ပင်လုပ်ငန်းများကို လုပ်ကိုင်ကြရပြီး အနည်းငယ်မျှသောသူတို့မှာ နိုင်ငံခြားသို့ သွားရောက်၍ အိမ်ဖော်လုပ်ငန်းများ လုပ်ကိုင်နေကြရသည်ဟု ကြားသိရပါသည်။ သို့ဖြစ်ပါ၍ လက်မှုပညာတတ်မြောက်မှု မရှိခြင်း ငွေရင်းနှီး၍ အရောင်းအဝယ် လုပ်ကိုင်စားသောက်နိုင်သူ နည်းပါးခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများနှင့် ပညာရေးနိမ့်ပါးသော အမျိုးသားများပါ လုပ်ကိုင်နိုင်သည့်လုပ်ငန်းများ ထည့်သွင်းစဉ်းစားပေးပြီး အလုပ်အကိုင်များ ဖန်တီးစီစဉ်သင်ကြားပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်လျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို၍ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်မိပါသည်။

(ခ) စီးပွားရေးအခြေအနေနှင့် ဝင်ငွေ ပိုင်ဆိုင်မှု မမျှတခြင်း

စခန်းကြီးစံပြကျေးရွာနေ လူတို့၏ အဓိကလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့် ကောင်းမွန်ကြသည်ဟု ယူဆနိုင်ပါသည်။

ဆင်းရဲချမ်းသာမှု သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၁၇.၄%)သည် ပထမဆင့် ဖြစ်နိုင်ပြီး (၅၂.၂%)သည် ဒုတိယအဆင့် (၂၄.၁%)သည် တတိယအဆင့်နှင့် (၆.၃%)သည် အဆင်းရဲဆုံးဟူ၍ ခန့်မှန်းသတ်မှတ်နိုင်ပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု လယ်ယာသုံးစက်သုံးရိယာပိုင်ဆိုင်မှုနှင့် ဆည်ရေတွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် စီးပွားရေးအနေအထားမှာ တောင်သူကြီးများအနေဖြင့် အသင့်အတင့် ကောင်းမွန်သည်ဟု ခန့်မှန်းသတ်မှတ်နိုင်ပါသည်။ စီးပွားဖူလုံသော အိမ်ထောင်စုများသည် အခြားလုပ်ငန်းများဖြစ်သော စက်မှုတွင်ခုံ၊ ကားဝပ်ရှော့၊ ဆန်စက်၊ ဆီစက်နှင့် ကုန်စုံဆိုင်ကြီးများဖြင့် အပိုဝင်ငွေ ရှာဖွေလုပ်ကိုင် နိုင်ကြပါသည်။ အဆင့်နိမ့်ဆင်းရဲသော အိမ်ထောင်စုများမှာ အများဆုံးဖြစ်၍ မြေယာပိုင်ဆိုင်မှု ရှိသော်လည်း ဝမ်းစာမလောက်သော လယ်သမား၊ လက်လုပ်လက်စား၊ ကူလီအလုပ်သမား၊ ဆောက်လုပ်ရေး အလုပ်သမားဖြစ်သော ပန်းရံ၊ လက်သမားမြေယာမဲ့နှင့်ကျပန်းအလုပ်သမားများ ဖြစ်ကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ (၇၃၀)ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် (၆၆.၈၅%)ရှိသည်။ ယင်းအရေအတွက်သည် ဆင်းရဲသူ၊ အလွန်ဆင်းရဲသူများနှင့် စိုက်ပျိုးလယ်ယာမြေမရှိသော်လည်း အခြားလုပ်ငန်းများဖြင့် ရပ်တည်နေထိုင်သူများပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

စခန်းကြီးစံပြကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ လေးပုံသုံးပုံခန့်ရှိသော်လည်း ၎င်းမြေယာမဲ့မိသားစုတို့သည် ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းတွင် ရရာလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ကြပြီး အချို့မှာ ပန်းရံ၊ လက်သမား၊ မွေးမြူရေး၊ ကူလီဝင်ရောက်လုပ်ကိုင်ကြပြီး ကုန်စိမ်းရောင်းခြင်း၊ သားစိမ်း၊ ငါးစိမ်း၊ ပစ္စည်းစုံ အဟောင်းထည်များ ဝယ်ရောင်းခြင်းနှင့် ဆံပင်ရှည် ဆံပင်ကျွတ် ဝယ်ရောင်းခြင်း လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ဆန်၊စပါးထွက်ရှိမှု ကောင်းမွန်ပါသဖြင့်

အိမ်ထောင်စုအများစုမှာ တစ်ရက်လျှင် ထမင်းနှစ်နပ်စာပုံမှန်စားနိုင်ကြပါသည်။စားနိုင်အောင်လည်း အားသွန်ခွန်စိုက်ကြိုးစားလုပ်ကိုင်ကြရပါသည်။ ကျေးရွာထိခိုက်လွယ်သော အိမ်ထောင်စုများမှ မိသားစုစောင့်ရှောက်မှု အားနည်းသူဖြစ်ကြပါသည်။ အသက်ကြီးရွယ်အိုများမှာ အိမ်ထောင်စုတစ်စုတွင် တစ်ဦးခန့် ရှိတတ်ပါသည်။

ထိခိုက်လွယ်သက်ရောက်မှုအမျိုးအစားများတွင် စားနပ်ရိက္ခာမဖူလုံမှုကိုသာ အနေအထားအနည်းငယ် တွေ့ရှိရပါသည်။ သဘာဝဘေးဒဏ်ကြောင့် ရေဘေး၊ လေဘေးတို့လည်း တစ်ခါတစ်ရံ တွေ့ရှိရပါသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှု နိမ့်နေသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များထဲမှ မူးယစ်ဆေးဝါးသုံးစွဲမှု အရက်သေစာသောက်စားမှု အလွန်နည်းပါးသောကြောင့် ထိခိုက်မှု နိမ့်ကျသည်ကို လေ့လာတွေ့ရှိရပါသည်။

ချေးငွေနှင့်ပတ်သက်၍ ပုဂ္ဂလိကငွေချေးလုပ်ငန်းများ ကျေးရွာသမဝါယမအသင်းနှင့် အစိုးရစိုက်/ဘဏ်မှ ရရှိကြပါသည်။ ချေးငွေများကို အသုံးပြုရာတွင် ရင်းနှီးမြှုပ်နှံ၍ အမြတ်ငွေများကို စားဝတ်နေရေးနှင့် ကျမ်းမာရေးစရိတ်ကို မျှဝေသုံးကြပါသည်။

(ဃ) **ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ရာသီဥတုအကူးပြောင်းတွင် ဖြစ်တတ်သော သာမန်ရောဂါအချို့မှလွဲ၍ အခြားရောဂါကြီးကြီးမားမားဖြစ်ပွားမှု နည်းပါသည်။ ပြည်သူ့ကျမ်းမာရေးမြှင့်တင်ရန်အတွက် အခါအားလျော်စွာ ကျန်းမာရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အထူးလိုအပ်လျက်ရှိပါသည်။ ပုံမှန်ကာကွယ်ဆေးထိုးနှံမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုကိုလည်း ရရှိပါသည်။ ရွာသူ/သားအများစုသည် ကျန်းမာရေးကောင်းမွန်ကြပါသည်။ စာသင်ကျောင်းတွင်လည်း ပြည်သူ့ဆေးရုံကြီး ကလေးမြို့မှ ကျန်းမာရေးဝန်ထမ်းများဖြစ်ကြသော ဆရာ/မများမှလည်း ကျန်းမာရေးဟောပြောပွဲများ အခါအားလျော်စွာ ပြုလုပ်ပေး ကြပါသည်။ ဆောင်ရန်ရှောင်ရန်နှင့် လိုက်နာကျင့်သုံးရမည့်အချက်များကိုလည်း ပြောပြသွားပါသည်။

ကျေးရွာတွင် အာရုပတ်လမ်းဖြစ်သည့် ကလေး-တမူးကားလမ်း အနောက်ဘက်တွင် အိမ်တိုင်းလိုလို သောက်သုံးနိုင်သော မြေတွင်းများ ရှိကြပြီး ၎င်းကားလမ်းအရှေ့ဘက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တူးပေးထားသော စက်ရေတွင်းကို အသုံးပြု၍ ရေလုံလောက်စွာ သုံးစွဲနိုင်ပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနခွဲနှင့် မိခင်နှင့်ကလေးသားဖွားခန်းများရှိပြီး ပုဂ္ဂလိကဆေးအရောင်းဆိုင် (၅)ဆိုင်ရှိ၍ အလိုရှိသော ဆေးများကို ဝယ်ယူသုံးစွဲကြပါသည်။

အိမ်ထောင်စုအားလုံးတွင် အိမ်သာမျိုးအစားအလိုက် လုံလောက်စွာရှိကြပါသည်။ ကျေးရွာတွင် မြေအောက်မြေ အလွယ်တကူ ရရှိပါသဖြင့် ဝမ်းပြတ်ဝမ်းလျော၊ အူရောင်ငန်းဖျားရောဂါ ဖြစ်ပွားမှု အားနည်းသည်ဟု လေ့လာတွေ့ရှိရပါသည်။ သို့သော် သွေးတိုး၊ သွေးချို၊ဆေးချိုဝေဒနာရှင်များကို အနည်းငယ် တွေ့ရှိရပါသည်။

(c) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

စခန်းကြီးစံပြကျေးရွာတွင် ပညာရေးအနေဖြင့် မူလတန်း၊ မူလွန်ကျောင်း၊ အထက်တန်းကျောင်းများရှိပြီး ပညာရေးအဆင့်အတန်းမှာ အတော်အသင့် မြင့်မားကြောင်း တွေ့ရှိရပြီး စာတတ်မြောက်မှုနှုန်းမှာ (၉၉.၃%)ခန့်ရှိသည်။ စာမတတ်သူ (၃၉)ဦးရှိရာ လူဦးရေစုစုပေါင်း၏ (၀.၇%)သာရှိသည်။ အချို့ငွေကြေးတတ်နိုင်သော ကျောင်းသားများက အလယ်တန်း အထက်တန်း၊ ကျောင်းပညာများကို ကလေးမြို့ပေါ်ရှိ ကျောင်းများသို့ သွားရောက်ပညာသင်ယူကြသည်ကိုလည်း တွေ့ရှိရပါသည်။ သက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းများဆိုင်ရာ ကျွမ်းမှုများတွင် အဆင့်နိမ့်ကျဆဲဖြစ်နေပါသည်။ လူငယ်လူရွယ်များအတွက် သက်မွေးပညာအခြေခံ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးနေဆဲဖြစ်ပါသည်။

စာသင်ကျောင်းသင် ပညာရေးတတ်မြောက်မှုအခြေအနေမှာ မူလတန်းအဆင့် (၆၄၀)ဦး အလယ်တန်းအဆင့် (၄၉၇)ဦး၊ အထက်တန်းအဆင့် (၂၀၄)ဦးနှင့် တက္ကသိုလ်ကောလိပ်အဆင့် (၇၇)ဦးရှိပြီး ဘွဲ့ရအရေအတွက်မှာ နည်းပါးနေပါသေးသည်။ ယခုလက်ရှိ ပညာသင်ကြားနေသော အရေအတွက်မှာ ကျေးရွာရှိလူဦးရေ၏ (၂၄.၅%)သာရှိကြောင်း တွေ့ရှိရပါသည်။

ပညာရေးဆိုင်ရာ အခက်အခဲတွေ့ရှိမှုမှာ မူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းဆရာလုံလောက်မှုရှိသော်လည်း ကာယဆရာမရောက်ရှိခြင်း၊ ဆရာ/ဆရာမများ သင်တန်းတက်သွားရခြင်း၊ မီးဖွားခွင့်ယူခြင်းတို့ကြောင့် ပညာသင်ကြားရေးမှာ လက်ဟာမှုမရှိနေကြောင်း တွေ့ရှိရပါသည်။ ၎င်းနောက် ဆရာ/ဆရာမများ အပြောင်းအရွှေ့သည် ကျောင်းပိတ်ရက် နွေရာသီမှသာ ပြုလုပ်သင့်ကြောင်း တွေ့ရှိရပါသည်။

(စ) **ကျား/မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်မှုရှိသည်။ အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များအတွင်းအခွင့်အရေး တူညီစွာခံစားနိုင်သည်ဟု ယေဘုယျပြောနိုင်သည်။မိသားစုတွင် ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်အတိုင်း လိုက်ကျင့်သုံးကြပါသည်။ ၎င်းအပြင် ကျားနှင့်မ အခြားပျင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းမရှိသလောက် ရှားပါသည်။ ကိန်းဂဏန်းရ ကျား/မ ခွဲခြားမှုနည်းသည်။ အလုပ်ဝင်ရောက်လုပ်ကိုင်ရာ၌ လုပ်အားခတွင် အမျိုးသားများက သာမန်အားဖြင့် ပိုရသည်။ ဆိုလိုသည်မှာ လုပ်အားခ သဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် လုပ်အား ခလျော့နည်းနေပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၌ အမျိုးသမီးများ ပါဝင်မှု အသင့်အတင့်ရှိပြီး ကျား/မတန်းတူ ညီမျှမှုနှင့် ဖွံ့ဖြိုးမှုအတွက် ပိုမို၍ အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်စနစ်**

ဤကျေးရွာတွင် ရပ်ရွာ၏ အကြီးအကဲများဖြစ်သော ရပ်မိရပ်ဖ နယ်မြေမှူးနှင့် ဆယ်အိမ်ခေါင်း အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပက၊ ဓမ္မစကူးလ်။ဘာသာရေးအဖွဲ့၊ အမျိုးသား၊ အမျိုးသမီး၊မီးသတ်နှင့်လုံခြုံရေး ရပ်ရွာကူညီရေးအဖွဲ့၊ ဈေးကော်မတီ ရပ်ရွာဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့၊ နာမှုကူညီရေးနှင့် ပရဟိတအလင်းတန်း အဖွဲ့ စာသင်ကျောင်းကော်မတီ စာကြည့်တိုက်ကော်မတီအဖွဲ့၊ မိခင်နှင့်ကလေး ဆေးခန်းကော်မတီ၊ ကျန်းမာ ရေးကော်မတီအဖွဲ့၊ ရေပေးဝေရေးစားသုံးသူ ၊ ထောက်ပံ့ရေးကော်မတီအဖွဲ့၊ အားကစားအဖွဲ့အစည်းများ ဖွဲ့စည်းထားပြီး မိမိတို့ကျရာတာဝန်ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသည်။ မြို့နယ်မှ ဖွဲ့စည်းပေးထား သောအမျိုးသမီးရေးရာအဖွဲ့မှာ လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်ပြီး ကူညီဖြေရှင်းပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကမ္ဘာ့ကုလသမဂ္ဂအမျိုးသမီးများ၏ အခွင့်အရေး ဆိုင်ရာ လေ့ကျင့်ပညာပေးအဖွဲ့မှလည်း အခါအားလျော်စွာ လာရောက်ပြီး ဆွေးနွေးပွဲများ ပြုလုပ်ပေး ပါသည်။

လျှပ်စစ်မီးရရှိမှုအခြေအနေမှာ အိမ်ထောင်စုပေါင်း (၁၀၉၂)အိမ်ရှိရာ အားလုံး ဆိုလာ/ဘတ္ထရီစနစ်နှင့် မီးသုံးစွဲကြသော်လည်း မီးလင်းရုံမျှသာဖြစ်ပြီး ထင်းနှင့်မီးသွေးကို အစားမထိုးနိုင်ခြင်း လက်မှုအသေးစား စီးပွားရေးလုပ်ငန်းများကို မသုံးစွဲနိုင်ခြင်းတို့ကြောင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိအသုံးပြုနိုင်ရေး မှာ အဓိကအရေးကြီးဆုံး လိုအပ်သောအင်အားတစ်ခုဖြစ်ပါသည်။

(ခ) **သီးနှံ၊ သားငါးထုတ်လုပ်မှုကဏ္ဍ**

ကျေးရွာတွင် တောင်သူဦးကြီးများသည် စပါးမြေပဲ၊ နေကြာ၊ မုန်ညင်းတို့ကို အဓိကထား စိုက်ပျိုး ကြပါသည်။ စပါးရိက်သိမ်းပြီးပါက မြေပဲ၊ နေကြာ၊ကုလားပဲနှင့် ဟင်းချက်စရာ ခရမ်းချဉ်နှင့် အခြားစား သောက်ဖွယ် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြပါသည်။

တောင်သူဦးကြီးများသည် ယခုအခါ အလုပ်သမားခက်ခဲမှု တွေ့နေရပါသည်။ အလုပ်သမားများသည် လည်း တောင်သူလုပ်အားခနှင့် ကုန်ဈေးလိုက်မမီပါသဖြင့် ဝင်ငွေပိုရသော လုပ်ငန်းများကိုသာ ရှာဖွေလုပ်ကိုင် နေကြရပါသည်။

ကျေးရွာတွင် အချို့သောတောင်သူဦးကြီးများသည် ကိုယ်ပိုင်လယ်ထွန်စက်မရှိ၍ လယ်တည်ထူးခ ဈေးကြီးခြင်း၊ စပါးမျိုးကောင်းမျိုးသန့်မရရှိသဖြင့်ဓါတ်မြေဩာ ဈေးကြီးမြင့်နေခြင်းတို့ကြောင့် သီးနှံ စိုက်ပျိုးထုတ်လုပ်မှု လိုအပ်ချက်နှင့် အခက်အခဲများ တွေ့ကြုံနေရပါသည်။

ကျေးရွာတွင် အချို့သောပုဂ္ဂလိုများသည် စီးပွားဖြစ်မဟုတ်သော်လည်း တစ်နိုင်တစ်ပိုင် ဝက်၊ နွား၊ ကျွဲများ မွေးမြူကြပါသည်။ ဝက်မွေးမြူသူမှာ (၄.၆%)ခန့် ရှိမည်ဟု ခန့်မှန်းရပါသည်။ စီးပွားဖြစ်မဟုတ်သည့်အတွက် တစ်အိမ်လျှင် တစ်ကောင်မှ သုံးကောင်းထိ မွေးမြူတတ်ကြပါသည်။ သဘာဝ ဘေးရာသီအကူးအပြောင်းမှာ တစ်ခါတစ်ရံ ရောဂါများ ကျရောက်တတ်ပါသည်။

ထိုအခါ ကျေးရွာရှိ တိ/ကုနှင့် ကုသရပါသည်။ ဝက်မွေးမြူသူများမှာ မိမိဝက် မိမိမပိုင်ဘဲ လိုင်စင်ပေးသလောက်နှင့် ရောင်းရပြီးကြက်မွေးမြူရေးသမားများသည် ကြက်များ ရောက်ဂါကျရောက်ခြင်း အကြွေးရောင်းရခြင်း၊ အကြွေးတောင်းမရခြင်းများကြောင့် အရှုံးပေါ်ကာ ကြက်ဝက်မွေးမြူသူ ကြာလေ လျော့နည်းလေဖြစ်လာပါသည်။

(ဂ) **စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် ဆန်စက်၊ဆီစက်၊ တွန်ခုံ၊ ပရိဘောဂလုပ်ငန်းဟူ၍ ရှိကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ အစိုးရဝန်ထမ်း၊ ကျပန်းစျေးရောင်းလုပ်ငန်း၊ နေ့စားအလုပ်သမားများ ရှိကြပါသည်။ သို့သော်လည်း စက်မှုလက်မှု အလုပ်သမားကြီးများမှာ အဆင်ပြေကြသော်လည်း ကျပန်းကူလီအလုပ်သမားများမှာ ဝင်ငွေထွက်ငွေမမျှ စားဝတ်နေရေးအဆင်မပြေသူများလည်း ရှိနေပါသည်။ သက်မွေးဝမ်းကျောင်းပညာတတ် မြောက်သူ နည်းပါးနေပါသည်။ ကျေးရွာရှိ အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေ (၃၆၅၄)ဦးမှာ များပြားပြီး လူအရင်းမြစ်အလားအလာကောင်းဖြစ်သည်ဟု သတ်မှတ်နိုင်ပါသည်။ အချို့အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြသော စက်မှုလက်မှု မွေးမြူရေးပရိဘောဂ၊ သယ်ယူပို့ဆောင်ရေး၊ အရောင်းအဝယ်နှင့် တောင်သူအချို့တို့သည့် ကျွမ်းကျင်မှု အားနည်းခြင်း၊ နည်းလမ်းမှန်မှန်မလုပ်တတ်ခြင်းများကြောင့် လုပ်ငန်းများရပ်နားသွားကြရသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ လူဦးရေများသော်လည်း သက်မွေးဝမ်းကျောင်း ပညာသင်ယူရန် နေရာရှားပါးဝေးကွာခြင်းတို့ကြောင့် လူသားတို့၏ အရင်းအမြစ် ဖွံ့ဖြိုးရန် စိန်ခေါ်မှုများ ရှိနေပါသည်။ အချို့အခြေခံရှိသော်လည်း ကျွမ်းကျင်မှုနှင့် အရင်းအနှီးများ လိုအပ်နေသည်ကို တွေ့ရပါသည်။

(ဃ) **ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကျေးရွာတည်ရှိရာနေရာသည် ကုန်းမြေအမြင့်ပိုင်းတွင် တည်ရှိနေသည်ဖြစ်၍ ရေကြီးရေလျှံခြင်း အန္တရာယ်မှ ကင်းဝေးပါသည်။ ၂၀၁၅ ခု နှစ်ကဲ့သို့ ရေကြီးရေလျှံရန် အနည်းငယ်မျှ ရောက်တတ်ပါသည်။

မုန်တိုင်းအန္တရာယ်နည်းပါးပြီး တစ်ခါတစ်ရံအားလျော့သော မုန်တိုင်းဝင်ရောက်မှု ကြုံရတတ်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များတွက် အန္တရာယ်နည်းပါသည်။

ကျေးရွာအတွက် အဓိကလိုအပ်ချက်မှာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်ဖူးခွံ၊ အိတ်ခွံ၊ ဆေးထိုးအပ်၊ ပုလင်းခွံများကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ပါသည်။သို့မှသာ မြေဆီလွှာပြုံးတီးမှုနှင့် ထိခိုက် အန္တရာယ်ကင်းရှင်းရန်အတွက် အသိပညာပေးမြှင့်တင်ရန် ဖြစ်သည်။

(c) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

စိုက်ပျိုးရေးဘဏ်မှ ကာလတိုချေးငွေအဖြစ် တောင်သူဦးကြီးများသာ စိုက်ပျိုးစရိတ်အဖြစ် အတိုးနှုန်း တစ်လ(၇၀)ပြား တစ်ဧက (၁၅၀၀၀၀/-)ကျပ်ဖြင့် အများဆုံးလယ်ယာမြေ (၁၀)ဧကအထိသာ ချေးယူရရှိကြပါသည်။ တောင်သူမဟုတ်သော ကူလီသမားများသည် ပုဂ္ဂလိကအဖွဲ့အစည်းများဖြစ်သည့် အာရုံဦး၊ သစ္စာဥယျာဉ်တို့မှ အတိုးနှုန်း (၃%)ဖြင့် ထုတ်ချေးသူများလည်း ရှိပါသည်။

ချေးငွေချေးယူကြသော ကျေးရွာသားများသည် အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံငွေ ဝင်ငွေရလုပ်ငန်း တောင်မဟုတ်သော ကူလီသမားများသည် ပုဂ္ဂလိက အာရုံဦး၊ သစ္စာဥယျာန်တို့မှာ အတိုးနှုန်း (၃%)ဖြင့် ထုတ်ချေးသူများလည်း ရှိပါသည်။

ချေးငွေချေးယူကြသော ကျေးရွာသားများသည် အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။

(d) **ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု**

ကျေးရွာကျောင်းတက်နှုန်းမှာ မူလတန်းအဆင့် (၆၄၀)ဦး၊ အလယ်တန်းအဆင့် (၄၉၇)ဦး၊ အထက်တန်းအဆင့် (၂၀၄)ဦး၊ တက္ကသိုလ်ကောလိပ်တက်နေသူ (၇၇)ဦးရှိပါသည်။ ဘွဲ့ရပြီးသူများလည်း အသင့်အတင့် ရှိပါသည်။ ယခုလက်ရှိတာဝန်ထမ်းဆောင်နေသော စစ်ဗိုလ်နှင့် တပ်မတော်သား၊ ရဲ၊ ပညာရေး ဝန်ထမ်း၊ ကျန်းမာရေးစစ်ဌာနနှင့် မြေစာရင်း၊ ကျောက်မြေတ်ရတနာ၊ စိုက်ပျိုးရေး၊ ဆည်မြောင်း စသည့်ဝန်ထမ်းများ စခန်းကြီးစံပြကျေးရွာကျောင်းမှ မွေးထုတ်ပေးသည်ကိုလည်း တွေ့ရပါသည်။

အသက်(၅)နှစ်အထက် ကလေးများအပါအဝင် ကျောင်းနေအရွယ်ကလေးများအားလုံး စုစုပေါင်း (၁၄၁၈)ဦးရှိသည်။ ၎င်းတို့မှာ ကျေးရွာရှိ လူဦးရေ၏ (၂၆.၃%) ကျောင်းတက်လျှက်ရှိကြောင်း သိရှိရပါသည်။

ကျေးရွာတွင် အစိုးရမူလတန်းကျောင်းကို သက္ကရာဇ် (၁၉၈၅)နှစ်တွင် အစိုးရ၏ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့ပါသည်။ ၎င်းအဆောက်အဦမှာ (၁၅၉'×၂၆'×၁၂')ရှိပါသည်။ ၎င်းမူလတန်းကျောင်းကို (၁၉၆၂-၁၉၆၃)ခုတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။(၁၉၇၂-၁၉၇၃)တွင် အလယ်တန်းကျောင်းစတင် ဖွင့်လှစ်ခဲ့ပြီး (၁၉၈၈-၁၉၈၉)ခုနှစ်တွင် စစ်တောင်းဆောင်(၆၉'×၃၂'×၁၂') ကိုဆောက်လုပ်ခဲ့ပါသည်။

(၁၉၉၁–၁၉၉၂)ခုနှစ်တွင် တွဲဘက်အထက်တန်းကျောင်းအဖြစ်လည်းကောင်း (၂၄.၉.၂၀၁၂)ရက်နေ့တွင် အထက်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ချင်းတွင်းဆောင်(၉၅'×၃၂'×၂၄')ကို (၁၉၉၆)ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါသည်။

ဆက်လက်၍ ကျောင်းသားဦးရေ များလာသည်နှင့်အမျှ တိုးချဲ့စာသင်ဆောင်ဖြစ်သည့် မေတ္တာဆောင် (၁၂၀'×၃၀'×၁၂')ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ သံလွင်ဆောင်(၅၁'×၃၄'×၁၂')ကို ၂၀၁၈ ခုနှစ်တွင်လည်းကောင်း ဆောက်လုပ်ခဲ့ပါသည်။

၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းအဆင့်နှင့် စာစစ်ဌာန ကို ရရှိခဲ့ပြီး စာမေးပွဲကို (၆.၃.၂၀၁၉)ခုနှစ်မှ စတင်ဖြေဆိုခဲ့ကြပါသည်။

အခက်အခဲနှင့် ပြဿနာမှာ နှစ်စဉ် ဆရာ/ဆရာမ လုံလောက်စွာ ချထားပေးသော်လည်း ဆရာ/ဆရာမ များ မွမ်းမံသင်တန်းသွားရခြင်း၊ မီးဖွားခွင့်(၆)လ ခွင့်ယူခြင်းတို့ကြောင့် ကျောင်းသား/သူများ ပညာသင်ကြားရေးမှာ အဆင်မပြေအခက်အခဲများ အမြဲကြုံတွေ့နေရသည်ကို တွေ့ရသည့်အပြင် နှစ်စဉ်ဆရာ/ဆရာမ အပြောင်းအရွှေ့များကြောင့် နှစ်ကုန်သည်အထိ ဆရာ/ဆရာမ အစားထိုး ရောက်ရှိမလာ ခြင်း၏ အခက်အခဲနှင့် ပြဿနာများကို နှစ်စဉ် ကြုံတွေ့နေရပါသည်။

ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ မိခင်နှင့် ကလေးသားဖွားရှိသော်လည်း ယနေ့တိုင် အစားထိုးဆရာမ ရောက်ရှိလာခြင်းမရှိပါ။ ကိုယ်ဝန်ဆောင်မိခင်များမှာ အမြဲစောင့်မျှော်လျှက်ရှိပါသည်။ ကျန်းမာရေးဌာနခွဲရှိပါသည်။

ကျန်းမာရေးဌာနခွဲမှ မကုန်ိင်သော ရောဂါအားလုံးအတွက် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားကြရ ပါသည်။ အချို့သော ရောဂါဝေဒနာရှင်များက တိုင်းရင်းဆေးရုံသို့ သွားကြပါသည်။ တိုင်းရင်းဆေးရုံသည် လည်း အားကိုးထိုက်သော ဆေးရုံဖြစ်ပါသည်။ ဆရာ/ဆရာမများသည် ဝန်ဆောင်မှုကောင်းမွန်၍ ရောဂါဝေဒနာများ သက်သာပျောက်ကင်း၍ ငွေကုန်နည်းသည်ကို တွေ့ရှိရပါသည်။ တိုင်းရင်းဆေးရုံနှင့် ပြည်သူ့ဆေးရုံမှ ဆရာ/ဆရာမများ ကျန်းမာရေးမြှင့်တင်ရန်အတွက် အခါအားလျော်စွာ ပညာပေးဟောပြော ပေးကြရန် အထူးလိုအပ်နေပါသည်။

(ဆ) **လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာရှိ လူငယ်များသည် အနားယူအပန်းဖြေရန် သေးသန့်နေရာမရှိပါ။ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် သာရေးနာရေးကိစ္စများတွင် ပါဝင်ကူညီခြင်း၊ လိုအပ်ပါက သွေးများ လှူဒါန်းပေးခြင်း၊ ဆင်းရဲသားများအား ဝိုင်းဝန်းကူညီခြင်း၊ ထို့အပြင် ကျေးရွာသာယာရေး အတွက် ရေထုတ်မြောင်းများ တူးဖော်ခြင်း၊ ရွာတွင်းလမ်းများကို ဝိုင်းဝန်းသဲလောင်းပြုပြင်ခြင်းများ ပြုလုပ်ကြပါသည်။ ၎င်းအပြင် လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရန် အထွေအထွေဗဟုသုတ အကြားအမြင် တိုးပွားစေရန်အတွက် စာကြည့်တိုက် ဖွင့်လှစ်ထားခြင်း ဓမ္မစကူးလ်သင်တန်း ကျောင်း ဖွင့်လှစ်ပေးထားခြင်းကြောင့် လူငယ်များ ဘုရားသမိုင်း၊ ဗုဒ္ဓဝင်ဘုရားဖြစ်စဉ်အား သိရှိခြင်း၊ (၇)နေ့

ဘုရားရှိခိုးနှင့် အခြားဘုရားရှိခိုး အနတ္တငါးပါးရှိခိုးမင်္ဂလာသုတ်၊ ပရိတ်ကြီး(၁၁)သုတ် အစရှိသည်များနှင့် ယဉ်ကျေးမှုစာပေနှင့် လိုက်နာကျင့်သုံးရမည့် အချက်အလက်များနားလည်သိရှိလာခြင်း၊ ဓမ္မစကူလ် စုံညီပွဲတော်ကိုလည်း ရွာ(ဖ)ရွာပေါင်း၍ ကျင်းပပေးခြင်း၊ ၎င်းပွဲတော်တွင် လူ့ယဉ်ကျေးမှု

ပညာပေးသီချင်းနှင့် ဇာတ်လမ်းများ ကပြဖျော်ဖြေအသုံးတော်ခံပါသည်။ လူငယ်များအတွက် အားကစား ကွင်းကောင်းမွန်စွာ ထားရှိပါသည်။ နှစ်စဉ် လူငယ်အဖွဲ့ပွဲတော်ကို ကျင်းပပေးပြီး ၎င်းပွဲတော်တွင် အားကစားယှဉ်ပြိုင်ခြင်း၊ တူရိယာဖြင့် ဆို၊က၊ရေး၊တေးပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ ကျေးရွာအတွင်းသာရေးနာရေး လုပ်ငန်းရပ်များ၌ ပါဝင်ကူညီခဲ့ကြသော ထူးချွန်လူငယ်များအား ဆုများ ချီးမြှင့် ဂုဏ်ပြုပွဲများ ပြုလုပ်ပေးခြင်း၊ လူသေအလောင်းရှိပါက ၎င်းအိမ်တွင် ညလုံးပေါက် မအိပ်တန်း ထိန်းစောင့်ပေးခြင်း၊ ကျေးရွာလူငယ်အားလုံး မိမိလူမျိုးယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာကို ကောင်းသောအလေ့အထဖြစ်စေရန် ခေါင်းဆောင်ကောင်းများ ရွေးချယ်ခန့် ထားပေးပါသည်။

(၉) အခြေခံအဆောက်အဦးများ လက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ လမ်းတံတား တည်ရှိမှုမှာ အရှေ့တောင်အရှုပတ်လမ်းတွင် အမှီပြု၍ သွားလာနေကြပါသည်။ မိမိကျေးရွာသာမက အာရှုပတ်လမ်းမကို အမှီပြုသွားလာရသော မိမိနိုင်ငံသားများနှင့် ကမ္ဘာလှည့်နိုင်ငံခြားဧည့်သည်များပါ သွားလာနေကြရပါသည်။ အာရှုပတ်လမ်းမှာ စတင်ဆောင်ရွက်စဉ်က လမ်းမျက်နှာပြင်ညီညာကောင်းမွန်ပါသည်။ ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်သည့် အခါ ယခင်အခြေအနေအတိုင်း ညီညာကောင်းမွန်အောင် ပြုပြင်မှုများ ဆောင်ရွက်ရာတွင် အထက်လူကြီးများမှ ကွင်းဆင်းလေ့လာ၍ ကြီးကြပ်စေလိုပါသည်။

လျှပ်စစ်ရရှိမှုအခြေအနေတွင် စခန်းကြီးစံပြကျေးရွာသည် အိမ်ခြေ(၁၀၉၂) အိမ်၊ လက်ရှိနေထိုင်ကြပြီး ရေ့လာမည့်နှစ်များတွင်လည်း အိမ်ခြေနှင့် လူဦးရေ တိုးပွားလာအုန်းမည်နှင့် အထက်တန်းကျောင်းနှင့် စာစစ်ဌာနတည်ရှိခြင်း ရဲစခန်းနှင့် ကျန်းမာရေးဌာနခွဲများ တည်ရှိခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတည်ရှိခြင်း၊ ၎င်းအပြင် ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် ကလေးတစ်ခရိုင်လုံးသာမက လက်လှမ်းမှီရာမြို့နယ်များမှသာ အားကိုးအားထားပြုရမည့် သက်မွေးပညာသင်ကျောင်း လျာထားရာ ရှိခြင်း၊ မီးသတ်ဦးစီးမှလည်း မီးသတ်ရုံးသုံးထပ်ဆောင် ဆောက်လုပ်ပြီး မီးသတ်ကား (၃)စီး လျာထားသည်များလည်း ရှိပြီး၊ ထင်းနှင့်မီးသွေးသုံးစွဲမှု လျော့နည်းရန်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ သုံးစွဲနိုင်ရန်အတွက် မဖြစ်မနေလိုအပ်သော ရွာကြီးတစ်ရွာ ဖြစ်နေပါ၍ လျှပ်စစ်မီးရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးသင့်သော ရွာဖြစ်ပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။

အိမ်တိုင်းဖုန်းများ ကိုင်ဆောင်၍ ဆက်သွယ်ရေး အသုံးပြုနိုင်ကြသော်လည်း အင်တာနက်လိုင်းမှာ အခိုက်အတန့်သာ အသုံးပြု၍ ရပါသည်။

ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦးရှိပြီး စာအုပ်များကို ရပ်ရွာအတွင်း အလှူခံစုဆောင်းထားရှိခြင်း၊ ပြန်ကြားရေးရုံးမှလည်း ပံ့ပိုးကူညီပေးသည်။ စာကြည့်တိုက်ကော်မတီဖွဲ့စည်း၍ ကော်မတီများမှ လိုအပ်သော စာကြည့်တိုက်သုံး ပရိဘောကပစ္စည်းများနှင့် စာအုပ်များကို ရှာဖွေစုဆောင်း အော်ရီဒူးကုမ္ပဏီမှ တာဝါတိုင်တည်ရှိခြင်း၊ အခြားလိုင်းများလည်း လက်လှမ်းမီခြင်းတို့ကြောင့် ဆက်သွယ်ရေးတွင် အဆင်ပြေပါသည်။

ကျေးရွာသားများအနေဖြင့် အာမခံလုပ်ငန်းများကို လက်လှမ်းမမီသဖြင့် အာမခံဆောင်ရွက်ထားရှိမှုမရှိသေးပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်ကို ကော်မတီဖွဲ့စည်းနိုင်မှု မရှိသေးပါ။ စီစဉ်ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

(စျ) တည်ငြိမ်အေးချမ်းရေးနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိ၍ တောင်သူ ကူလီ အလုပ်သမားနှင့် ဈေးသည်များအားလုံး ဘေးကင်းလုံခြုံစွာ လုပ်ကိုင်နိုင်ကြပါသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြ၍ လိုအပ်သော သတင်းအရင်းအမြစ်များ လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။

ကျေးရွာတွင် ရဲစခန်းရှိ၍ လိုအပ်ပါက ကျေးရွာအရံမီးသတ် လုံခြုံရေးအဖွဲ့တို့ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါသည်။

ကျေးရွာတွင် လူကုန်ကူးမှုနှင့်ပတ်သက်၍ ကင်းရှင်းပါသည်။ ခိုးမှု၊ လုယက်မှုစသည့် ပြစ်မှုအကြီးအကျယ်မရှိသော်လည်း တစ်ခါတစ်ရံ အသေးအဖွဲများရှိတတ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သောက်စားမှုမှအပ အခြားမူးယစ်ဆေးဝါး သုံးစွဲမှု မရှိပါ။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

စခန်းကြီးစံပြကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင် တည်ရှိပြီး ကလေးမြို့နှင့် တမူးမြို့သွားအာရှပတ်လမ်း လမ်းဘေးဝဲယာအရှေ့ဘက် အနောက်ဘက်တွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအထူးကောင်းမွန်မှုရှိပြီး တစ်နှစ်ပတ်လုံး လွယ်ကူချောမွေ့စွာသွားလာနိုင်ပေသည်။

ကျေးရွာနှင့် အနီးဆုံး ကလေးမြို့ပေါ်ရှိ စျေးများသို့ သွားရောက်ဝယ်ယူရောင်းချ သုံးစွဲကြပါသည်။ မိမိကျေးရွာတွင်လည်း ကျေးလက်စျေးတွင် ပိတ်ရက်မရှိ ဝယ်ယူသုံးစွဲစားသောက် ဝတ်ဆင်နိုင် ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါသဖြင့် ဘတ္ထရီမီးကို နည်းမျိုးစုံဖြင့် အားသွင်း၍ သုံးစွဲ ကြပါသည်။

ကျောင်းသား/သူများ စာကျက်ရန်အတွက် အပြည့်အဝမသုံးစွဲနိုင်ပါ။ စာကျက်ချိန်အားနည်း ပါသည်။ ၎င်းနောက် ထင်းနှင့် မီးသွေးကို အားထားသုံးစွဲနေရသဖြင့် သစ်တောပြုန်းတီးမှုသည် ကြီးများစွာ ရပ်တည်နေဦးမည်ဖြစ်ပါသည်။

ဘွဲ့ရ ကျောင်းသားများ အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်း များကို လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေနိုင် ပါသည်။

ကျေးရွာနေ လူထု၏ ကျန်းမာရေးမှာ ယေဘုယျအားဖြင့် ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ဆေးဝါးကုသရန်အတွက် ကျေးရွာဆေးပေးခန်းမှ ဆရာမအပြင် ရပ်ရွာမှ အားထားနေရသော လုပ်ငန်း အတွေ့အကြုံအရ ဆေးဝါးကျွမ်းကျင်သူများထံမှလည်း ကုသမှုခံယူကြရပါသည်။

(ခ) **အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုအများအပြား မတွေ့ရှိပေ။ ကျေးရွာအခြေပြုအဖွဲ့အစည်းများကြားတွင်လည်း အခက်အခဲမရှိဘဲ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ခေါင်းဆောင်မှုအပိုင်းတွင် စည်းလုံးညီညွတ်စွာဖြင့် ကိုင်တွယ်ညှိနှိုင်း ဆောင်ရွက်မှုအပိုင်းတွင် စနစ်တကျဆောင်ရွက်နိုင်မှု အနည်းငယ်အားနည်းကြောင်း တွေ့ရှိရသည်။

ကျေးရွာတွင်စိုက်ပျိုးသီးနှံ မျိုးကောင်းမျိုးသန့် မရရှိနိုင်ပါ။ မြေဩဇာဈေးမြင့်၍ တောင်သူတိုင်း အသုံးမပြုနိုင်ပါ။ ရာသီဥတုဖောက်ပြန်မှုမှအပ သာမန်နှစ်များတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခွင့်အလမ်း ကောင်းမွန်ပါသည်။ သီးနှံထုတ်လုပ်မှုတွင် ကြီးမားသော အခက်အခဲမရှိပေမယ့် ထွန်ယက် ၄ားရမ်းခ ဈေးနှုန်း ကြီးမြင့်မှုနှင့် သီးနှံဖျက်ပိုးကျရောက်မှုအပိုင်းတွင် အခက်အခဲနှင့် အဟန့်အတား ဖြစ်စေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) **ဖွံ့ဖြိုးရေးပန်းတိုင်**

ကလေးမြို့စခန်းကြီးကျေးရွာသည် လာမည့် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုး ရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

(ကက) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ ကျေးရွာတွင်း လမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင် ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(ခခ) ကျွန်ုပ်တို့ရွာထူထုသည် ပညာဝန်ဆောင်မှု ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများ ပညာရည်မြင့်မားပြီးလူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှု ဘဝတိုးတက်ကောင်းမွန်လာစေသည်။

(ဂဂ) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေအပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုတစ်ဆင့်၊ ဖွံ့ဖြိုးရေးစီမံ ခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

(ဃဃ) မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ကို ရရှိမည်ဆိုပါက ကျေးရွာလူထု လူနေမှုအဆင့်နှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန်လာရမည်။

(ခ) **အကောင်အထည်ဖော်မှုနည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ကက) ကျေးရွာတွင် ဘက်စုံသုံးခန်းမဆောင်များဆောက်လုပ်၍ လူထုနှင့် တွေ့စုံပွဲများ ပြုလုပ်၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေသည့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်။

(ခခ) ပညာကဏ္ဍအား အဓိကထားကာ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂဂ) ကျေးရွာရှိ စာသင်ကျောင်းအတွက် အသုံးအဆောင်ပစ္စည်းများ လုံလောက်မှုရှိအောင် ဆောင်ရွက်ပေးမည်။အားကစားကောင်းများ ပေါ်ထွက်လာစေရန် ကျွမ်းကျင်သော နည်းပညာ အရာရှိများခေါ်ယူ၍ သင်တန်းတက်စေမည့်အပြင် အားကစားကွင်းကိုလည်း သင့်တော်သောစံချိန်မှီကွင်းအဖြစ် မွမ်းမံပြင်ဆင်ပေးမည်။ ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ပေး၍ သွားလာရေးလွယ်ကူသော စာသင်ကျောင်းများဖြစ်အောင် ဆောင်ရွက်သွား မည်ဖြစ်သည်။

(ဃဃ) ကျေးရွာတွင်းရှိလမ်းများ အဆင်ချောမွေ့စေရေးအတွက် (၁၂)လရာသီ သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ပြုပြင်သွားမည်။ ၎င်းအပြင် ကျေးရွာလူနေမှု အဖွဲ့အစည်းများကိုလည်း အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်ပိုမိုရရှိရေးအတွက် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

၇။ စီမံကိန်းစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူ ထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ကျေးရွာခန်းမဆောင်ဆောက်လုပ်ရန်၊ (၅၆'×၂၀'×၁၃')
(ခခ) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရန်၊
(ဂဂ) အ.ထ.က ကျောင်းဝင်းအတွင်းစက်ရေတွင်းတူးဖော်ရန် ၊
(ဃဃ) မူလွန်ကျောင်း ဝန်ထမ်းအိမ်ယာဆောက်လုပ်ရန်၊
(ငင) အ.ထ.က ကျောင်း အဝင်လမ်းကွန်ကရစ်လမ်းခင်းရန်၊

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားသည် လုပ်ငန်းစတင်ရန်နှင့် ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသော ဦးစားပေး စီမံချက်များ၏ နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံ ချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်ဖြစ်သည်-

စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁။ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း	၁	✓				
၂။ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း	၂		✓			

ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရန်						
၃။အ.ထ.ကကျောင်းဝင်းအတွင်း စက်ရေတွင်းတူးဖော်ရန်	၃			✓		
၄။မူလွန်ကျောင်း ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရန်၊	၄				✓	
၅။အ.ထ.က ကျောင်း အဝင်လမ်းကွန်ကရစ် လမ်းခင်းရန်၊	၅					✓

စခန်းကြီးကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ရပ်မိရပ်ဖအဖွဲ့					
	(၁)ကျေးရွာထူထုတွေ့ဆုံ ဆွေးနွေးပွဲများ၊ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ စည်းဝေးပွဲများ ပြုလုပ်ရန် နေရာမရှိခြင်း	(၁)ကျေးရွာတွင် ခန်းမဆောင် သီးသန့်မရှိခြင်း	(၁)ကျေးရွာမှ မြေနေရာရှိခြင်း၊ (၂)စည်းလုံးညီညွတ်မှုရှိခြင်း၊ (၃)ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်း၊	(၁)ရန်ပုံငွေမလုံလောက်ခြင်း၊ (၂)ဦးဆောင်မည့်သူမရှိခြင်း၊	(၁)ဦးဆောင်ကော်မတီများ ဖွဲ့စည်း၍ ကျေးလက်ဦးစီးဌာနသို့ တင်ပြ၍အကြံဉာဏ်ကောင်းများရယူကာ ပူးပေါင်းဆောင်ရွက်ခြင်း၊	(၁)ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း။
၂	တောင်သူအဖွဲ့					
	(၁)ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် အချက်အလက်များပေးပို့ရာတွင် နှောင့်နှေးမှုရှိခြင်း၊	(၁)ကျေးရွာစာရေးများမိမိရွာတွင်နေထိုင်၍ တာဝန်ထမ်းဆောင်နိုင်ရန် ထမ်းအိမ်ရာမရှိခြင်း။	(၁) မြေနေရာရှိခြင်း၊ (၂)ကျေးရွာမှပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း၊	(၁)ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း။ (၂)ရန်ပုံငွေမရှိခြင်း။	(၁)သက်ဆိုင်သူများအား လုံးပါဝင်၍ ချိတ်ဆက်မှုအားကောင်းစွာဖြင့် ရန်ပုံငွေရှာဖွေခြင်း၊ (၂) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊	(၁)ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
၃	အမျိုးသမီးအဖွဲ့					
	(၁)အ.ထ.က ကျောင်းဝင်းအတွင် သောက်သုံးရေမလုံလောက်ခြင်း	(၁)ရေကြောနက်ခြင်း၊ (၂)တွင်းတိမ်များတွင်ထုံးဓါတ်	(၁)စက်ရေတွင်းတူးဖော်မည်ဆိုပါက ကျောင်းဝင်းအတွင်း နေရာရှိခြင်း၊	(၁)ရန်ပုံငွေမရှိခြင်း၊ (၂)ချိတ်ဆက်ဆောင် ရွက်မှုအားနည်း	(၁)ကျေးလက်ဦးစီးဌာနသို့တင်ပြ၍ ရန်ပုံငွေတောင်းခံခြင်း၊	(၁)အ.ထ.ကကျောင်းဝင်းအတွင်း စက်ရေတွင်းတူးဖော်ခြင်း၊

		ပါခြင်း၊	(၂)ကျေးရွာမှစည်းလုံးစွာပါဝင်ကူညီနိုင်ခြင်း	ခြင်း၊		

စခန်းကြီးကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၄	စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖွဲ့					
	(၁)ကျေးရွာမူလွန်ကျောင်းရှိ တာဝန်ကျဆရာ/မများနေရာထိုင်ခင်းခက်ခဲခြင်း	(၁)ကျောင်းဝင်းအတွင်းဝန်ထမ်းအိမ်ယာမရှိခြင်း၊	(၁)ကျေးရွာမှ ထောက်ပံ့ကူညီလိုစိတ်ရှိခြင်း (၂)ဆောက်လုပ်ရန်မြေနေရာရှိခြင်း၊	(၁)ခေါင်းဆောင်မှုအားနည်းခြင်းနှင့် ရန်ပုံငွေမလုံလောက်ခြင်း၊	(၁)ပညာရေးဌာနသို့တင်ပြတောင်းခံ၍ ရပ်ရွာမှပူးပေါင်းဆောင်ရွက်ခြင်း၊	(၁)မူလွန်ကျောင်းဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊
၅	လူငယ်အဖွဲ့					
	(၁)မိုးရာသီတွင် ကျောင်းသား/သူများ သွားလာရေးခက်ခဲခြင်း။	(၁)ကျောင်းအဝင်လမ်းသည် မြေသားလမ်းဖြစ်၍လမ်းချော်ခြင်း၊ ရွံ့ထူခြင်း	(၁)ကျေးရွာမှစည်းလုံးစွာတတ်စွမ်းသမျှ ပူးပေါင်းဆောင်ရွက်လိုခြင်း။	(၁)ရန်ပုံငွေမရှိခြင်း၊ အချိန်ပေး၍ဦးဆောင် ဆောင်ရွက်ရန်၊ ချိတ်ဆက်မှုအားနည်းခြင်း၊	(၁)ပညာရေးဌာနသို့တင်ပြ၍ ရန်ပုံငွေတောင်းခံခြင်း၊ (၂)ကျေးရွာပြည်သူများမှ ပူးပေါင်းဆောင်ရွက်ခြင်း၊	(၁)အ.ထ.ကကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊

စခန်းကြီးကျေးရွာအုပ်စု၊ စခန်းကြီးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ငွေ	ဦးအောင်စိန်	၅/ကလထ(နိုင်)၀၇၄၄၂၆	၅၆	ဥက္ကဋ္ဌ	၀၉-၄၀၀၅၄၅၃၃၉
၂	ဦးဇင်မောင်	ဦးမုန်း	၅/ကလထ(နိုင်)၁၂၄၆၂၄	၄၃	အတွင်းရေးမှူး	၀၉-၉၂၅၆၀၇၅၈
၃	ဦးလျန်ဇွါလ်	ဦးတွာလ်ခန့်ကမ်း	၅/ကလထ(နိုင်)၁၄၀၂၆၉	၄၀	စာရင်းကိုင်	၀၉-၄၀၀၄၇၆၄၆၁
၄	ဦးကျော်ဆွေ	ဦးအောင်ခင်	၈/ပစက(နိုင်)၀၉၉၂၀၄	၅၃	ဘဏ္ဍာရေးမှူး	၀၉-၄၄၀၃၄၂၄၁၅
၅	ဦးခင်မောင်ဆွေ	ဦးပန်	၅/ကလထ(နိုင်)၀၄၂၉၇၉	၄၈	သော့ကိုင်(၁)	၀၉-၄၀၂၂၄၁၄၄၁၀
၆	ဦးဂင်ဇကပ်	ဦးထွာမ်ခေါ်လျန်	၄/တတန(နိုင်)၀၀၅၆၇၉	၆၅	သော့ကိုင်(၂)	
၇	ဦးဇော်မင်းခိုင်	ဦးအောင်မောင်း	၅/ကလထ(နိုင်)၁၃၉၅၄၁	၄၁	အဖွဲ့ဝင်	၀၉-၄၄၃၃၁၁၂၀
၈	ဦး:အဲဖေ	ဦးမာဒင်	၅/ကလထ(နိုင်)၁၄၃၁၉၉	၆၅	အဖွဲ့ဝင်	
၉	ဦးတင်ဇော်မင်း	ဦးကျော်ရင်	၅/ကလထ(နိုင်)၁၁၅၄၈၇	၄၂	အဖွဲ့ဝင်	၀၉-၇၉၃၀၄၈၉၈၇
၁၀	ဦးအောင်နေဦး	ဦးလှအောင်	၅/ကလထ(နိုင်)၀၄၂၇၇၅	၄၇	အဖွဲ့ဝင်	၀၉-၃၃၆၆၄၉၅၂
၁၁	ဒေါ်ဝင်းဝင်းမော်	ဦးဘဆင့်	၅/ကလထ(နိုင်)၀၂၈၄၉၂	၅၀	အဖွဲ့ဝင်	၀၉-၇၆၂၄၈၈၄၇၇
၁၂	ဒေါ်မြင့်မြင့်ကြည်	ဦးကျော်လှ	၅/ကလထ(နိုင်)၀၀၀၂၈၈	၄၆	အဖွဲ့ဝင်	၀၉-၇၆၄၉၈၃၆၅၈
၁၃	ဦးလှငွေ	ဦးဖိုးကျန်	၅/ကလထ(နိုင်)၀၀၄၅၅၁	၇၀	အဖွဲ့ဝင်	၀၉-၄၅၉၅၄၀၆၈၆

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

